၄။　တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေးအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ တစ်လတစ်ကြိမ် တင်ပြရမည်။

၅။　အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၂/ ၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

**ကြေညာချက်အမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၄၊ ပုဒ်မ ၁၂၃၊ ပုဒ်မ ၁၂၄၊ ပုဒ်မခွဲ (ခ)၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၇ နှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်) တနင်္လာနေ့ နံနက် ၁၀:၀၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

တီခွန်မြတ်

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ် အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးသီဟငြိမ်း<br>တ/ ၃၉၃၃ | ငပုတော<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဒေါ်အေးပြည့်ပြည့်မျိုး<br>တ/ ၄၀၀၆ | မရမ်းကုန်း<br>ရန်ကုန်တိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၅/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေအခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| | **ကချင်ပြည်နယ်လွှတ်တော်** | | |
| (၁) | ကြည်း ၂၇၃၅၁ | ဗိုလ်မှူးကြီး | ကျော်သူရ |
| (၂) | ကြည်း ၂၆၇၈၄ | ဗိုလ်မှူးကြီး | ကျော်ဇေယျ |
| (၃) | ကြည်း ၃၇၂၆၄ | ဒုတိယဗိုလ်မှူးကြီး | သက်မင်းဦး |
| (၄) | ကြည်း ၃၀၀၀၃ | ဗိုလ်မှူး | တင်ကိုကို |
| (၅) | ကြည်း ၃၀၇၆၄ | ဗိုလ်မှူး | ကျော်သူမျိုး |
| (၆) | ကြည်း ၅၁၄၃၃ | ဗိုလ်ကြီး | ရန်အောင်ခိုင် |
| (၇) | ကြည်း ၅၇၄၆၇ | ဗိုလ်ကြီး | သက်ပိုင်စိုး |
| (၈) | ကြည်း ၆၁၄၇၂ | ဗိုလ်ကြီး | တင်ကိုကိုထွေး |
| (၉) | ကြည်း ၆၄၄၁၀ | ဗိုလ်ကြီး | ထက်မြက်အောင် |
| (၁၀) | ကြည်း ၇၄၁၆၀ | ဗိုလ်ကြီး | ရဲကိုမြင့် |
| (၁၁) | လေ ၃၉၅၄ | ဗိုလ်ကြီး | တက်တိုး |
| | **ကယားပြည်နယ်လွှတ်တော်** | | |
| (၁) | ကြည်း ၂၆၈၆၃ | ဗိုလ်မှူးကြီး | သန်းစိုးအောင် |
| (၂) | ကြည်း ၂၅၇၉၀ | ဗိုလ်မှူးကြီး | အောင်ကျော်မြင့် |
| (၃) | ကြည်း ၅၂၇၈၁ | ဗိုလ်ကြီး | ခန့်စည်သူ |
| (၄) | အင်န် ၉၁၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူခိုင် |
| | **ကရင်ပြည်နယ်လွှတ်တော်** | | |
| (၁) | ကြည်း ၂၇၂၃၈ | ဗိုလ်မှူးကြီး | မင်းသူကျော် |
| (၂) | ကြည်း ၂၄၀၉၆ | ဗိုလ်မှူးကြီး | သန်းထိုက် |
| (၃) | ကြည်း ၃၅၇၈၂ | ဒုတိယဗိုလ်မှူးကြီး | ကျော်သူရဝင်း |
| (၄) | ကြည်း ၄၂၆၅၃ | ဗိုလ်ကြီး | ခိုင်ထွန်းဦး |
| (၅) | ကြည်း ၇၁၇၁၁ | ဗိုလ်ကြီး | ဇော်ဝင်းဌေး |
| (၆) | ကြည်း ၇၃၂၄၈ | ဗိုလ်ကြီး | စိုးပြည့်ဘို |
| | **ချင်းပြည်နယ်လွှတ်တော်** | | |
| (၁) | ကြည်း ၃၀၁၈၄ | ဗိုလ်မှူးကြီး | ခင်မောင်ထွေး |
| (၂) | ကြည်း ၂၅၉၉၄ | ဗိုလ်မှူးကြီး | စောထွန်း |
| (၃) | ကြည်း ၃၅၄၁၉ | ဗိုလ်မှူး | အာကာကျော်မိုး |
| (၄) | ကြည်း ၆၄၅၈၃ | ဗိုလ်ကြီး | ဇော်ရဲနိုင် |

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | |
| (၁) | ကြည်း ၂၄၉၉၃ | ဗိုလ်မှူးကြီး | ဝင်းတင်စိုး |
| (၂) | ကြည်း ၂၇၉၃၂ | ဗိုလ်မှူးကြီး | မင်းမင်းဦး |
| (၃) | ကြည်း ၂၈၇၇၉ | ဒုတိယဗိုလ်မှူးကြီး | အောင်ပိုင်ဦး |
| (၄) | ကြည်း ၂၉၁၀၉ | ဗိုလ်မှူး | မင်းထွဋ် |
| (၅) | ကြည်း ၃၃၆၈၈ | ဗိုလ်မှူး | မင်းဇော် |
| (၆) | ကြည်း ၃၄၉၂၁ | ဗိုလ်မှူး | သန့်ဇင်ဦး |
| (၇) | ကြည်း ၄၁၂၇၂ | ဗိုလ်မှူး | ကြည်သာအောင် |
| (၈) | ကြည်း ၄၇၉၄၅ | ဗိုလ်မှူး | ဝေဖြိုးသာ |
| (၉) | ကြည်း ၅၀၉၂၉ | ဗိုလ်မှူး | အောင်ကိုကိုဝင်း |
| (၁၀) | ကြည်း ၅၁၆၄၀ | ဗိုလ်မှူး | နေလင်းထွန်း |
| (၁၁) | ကြည်း ၅၃၇၂၈ | ဗိုလ်မှူး | ငြိမ်းချမ်းကို |
| (၁၂) | လေ ၃၀၅၃ | ဗိုလ်မှူး | သိန်းလင်းထွန်း |
| (၁၃) | ကြည်း ၃၅၀၅၁ | ဗိုလ်ကြီး | တိုးမြင့်ဝင်း |
| (၁၄) | ကြည်း ၅၀၉၈၃ | ဗိုလ်ကြီး | ကျော်ကျော် |
| (၁၅) | ကြည်း ၅၁၄၂၂ | ဗိုလ်ကြီး | သန်းနိုင်ထွန်း |
| (၁၆) | ကြည်း ၅၃၄၁၇ | ဗိုလ်ကြီး | ရဲရန်နိုင် |
| (၁၇) | ကြည်း ၅၃၅၄၈ | ဗိုလ်ကြီး | ဖြိုးပြည့်စုံ |
| (၁၈) | ကြည်း ၅၉၃၁၅ | ဗိုလ်ကြီး | ကျော်ဝင်းသန့် |
| (၁၉) | ကြည်း ၆၇၅၃၀ | ဗိုလ်ကြီး | ဒေါ်သီရိဟန် |
| (၂၀) | ကြည်း ၇၄၄၅၀ | ဗိုလ်ကြီး | ထက်အောင်ရှိုင်း |
| (၂၁) | လေ ၃၅၀၂ | ဗိုလ်ကြီး | ထွန်းသန်းဝင်း |
| | **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | | |
| (၁) | ကြည်း ၃၁၆၆၇ | ဗိုလ်မှူးကြီး | သိန်းဇော်မြင့် |
| (၂) | ကြည်း ၂၇၁၅၁ | ဗိုလ်မှူးကြီး | အောင်ကိုလတ် |
| (၃) | ကြည်း ၃၁၉၈၈ | ဒုတိယဗိုလ်မှူးကြီး | နန်းထက်ဝင်း |
| (၄) | လေ ၂၇၃၅ | ဗိုလ်မှူး | မျိုးသက်ဦး |
| (၅) | ကြည်း ၆၆၂၃၈ | ဗိုလ်ကြီး | ဇင်ကိုမောင် |
| (၆) | ရေ ၄၆၇၇ | ဗိုလ်ကြီး | မင်းပြည့် |
| (၇) | လေ ၄၁၄၆ | ဗိုလ်ကြီး | သက်ပိုင်မိုး |

| စဉ် | ပြန်တမ်းဝင်အမှတ် | | အဆင့် | အမည် |
|---|---|---|---|---|
| | **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း | ၂၉၁၇၃ | ဗိုလ်မှူးကြီး | ညီလန်းချို |
| (၂) | ကြည်း | ၂၇၉၇၈ | ဗိုလ်မှူးကြီး | သန်းလှိုင်ဝင်း |
| (၃) | ကြည်း | ၃၃၇၉၇ | ဗိုလ်မှူး | ထွန်းထွန်း |
| (၄) | ကြည်း | ၃၃၈၆၉ | ဗိုလ်မှူး | လေးနိုင် |
| (၅) | ကြည်း | ၃၄၉၅၆ | ဗိုလ်မှူး | ဇော်လင်းအောင် |
| (၆) | ကြည်း | ၃၅၃၆၄ | ဗိုလ်မှူး | ဟိန်းဇေမြင့် |
| (၇) | ကြည်း | ၃၇၈၁၀ | ဗိုလ်မှူး | ကျော်သက်နိုင် |
| (၈) | ကြည်း | ၄၈၁၈၀ | ဗိုလ်မှူး | ခိုင်လွင်ထူး |
| (၉) | ကြည်း | ၄၈၄၄၅ | ဗိုလ်မှူး | မင်းသူအောင် |
| (၁၀) | ကြည်း | ၃၆၆၄၅ | ဗိုလ်ကြီး | မျိုးမင်းဇော် |
| (၁၁) | ကြည်း | ၃၉၄၁၄ | ဗိုလ်ကြီး | လူမော်မြင့် |
| (၁၂) | ကြည်း | ၄၉၀၉၇ | ဗိုလ်ကြီး | မောင်မောင်လွင် |
| (၁၃) | ကြည်း | ၅၁၀၉၁ | ဗိုလ်ကြီး | သန်းမြတ်လင်း |
| (၁၄) | ကြည်း | ၅၂၆၃၁ | ဗိုလ်ကြီး | တင်မောင်လွင် |
| (၁၅) | ကြည်း | ၅၇၄၅၉ | ဗိုလ်ကြီး | ဖြိုးသူရမောင် |
| (၁၆) | ကြည်း | ၆၂၂၄၅ | ဗိုလ်ကြီး | အောင်စစ်မောင် |
| (၁၇) | ကြည်း | ၇၉၂၄၁ | ဗိုလ်ကြီး | ဒေါ်သဲနုဇာ |
| (၁၈) | လေ | ၄၀၂၈ | ဗိုလ်ကြီး | ဒေါ်နီလာမြင့် |
| (၁၉) | အင်န် | ၈၇၉ | ဗိုလ်ကြီး | ဒေါ်ဇင်မာဝမ်း |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း | ၂၂၄၀၅ | ဗိုလ်မှူးကြီး | မိုးမင်းသိန်း |
| (၂) | ကြည်း | ၂၆၈၇၀ | ဗိုလ်မှူးကြီး | ကျော်သန်းဆွေ |
| (၃) | ကြည်း | ၃၆၅၀၂ | ဒုတိယဗိုလ်မှူးကြီး | ဇော်ဦးလတ် |
| (၄) | ကြည်း | ၂၈၄၆၃ | ဗိုလ်မှူး | ကျော်ကျော်စိုး |
| (၅) | ကြည်း | ၄၈၃၈၅ | ဗိုလ်မှူး | ဇာနည်မောင် |
| (၆) | ကြည်း | ၄၈၄၆၅ | ဗိုလ်မှူး | အောင်စိုးထွန်း |
| (၇) | ကြည်း | ၅၁၂၄၅ | ဗိုလ်မှူး | လွင်မိုး |
| (၈) | လေ | ၂၈၈၈ | ဗိုလ်မှူး | နိုင်လင်း |
| (၉) | အင်န် | ၈၀၃ | ဗိုလ်မှူး | ဒေါ်အိအိဝင်း |
| (၁၀) | ကြည်း | ၃၄၉၆၀ | ဗိုလ်ကြီး | ကျော်ထွန်း |
| (၁၁) | ကြည်း | ၅၀၀၇၄ | ဗိုလ်ကြီး | ခိုင်ဇော်ဝေ |
| (၁၂) | ကြည်း | ၅၁၅၆၃ | ဗိုလ်ကြီး | ဉာဏ်လင်းထွန်း |
| (၁၃) | ကြည်း | ၅၃၈၄၄ | ဗိုလ်ကြီး | သက်ပိုင်ဦး |
| (၁၄) | ကြည်း | ၅၄၄၄၁ | ဗိုလ်ကြီး | မျိုးမင်းထွန်း |
| (၁၅) | ကြည်း | ၅၆၀၆၅ | ဗိုလ်ကြီး | မိုးဇေယျာဌေး |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း | ၃၂၁၃၂ | ဗိုလ်မှူးကြီး | နေလင်းစိုး |
| (၂) | ကြည်း | ၂၆၇၈၈ | ဗိုလ်မှူးကြီး | ကျော်စိန်ထွန်း |
| (၃) | ကြည်း | ၂၆၉၃၆ | ဒုတိယဗိုလ်မှူးကြီး | နိုင်လင်း |
| (၄) | ကြည်း | ၂၈၃၂၄ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဝင်း |
| (၅) | ကြည်း | ၃၂၅၇၁ | ဒုတိယဗိုလ်မှူးကြီး | မြင့်နိုင် |
| (၆) | ကြည်း | ၃၀၄၁၉ | ဒုတိယဗိုလ်မှူးကြီး | သက်နိုင်ဦး |
| (၇) | ကြည်း | ၃၀၅၄၆ | ဒုတိယဗိုလ်မှူးကြီး | မျိုးမြင့်လေး |
| (၈) | ကြည်း | ၃၇၉၀၉ | ဗိုလ်မှူး | အေးလင်းထွန်း |
| (၉) | ကြည်း | ၃၉၂၄၇ | ဗိုလ်မှူး | ဌေးဦးခိုင် |
| (၁၀) | ကြည်း | ၄၇၄၅၆ | ဗိုလ်မှူး | ကျော်ကိုဦး |
| (၁၁) | ကြည်း | ၅၁၃၂၂ | ဗိုလ်ကြီး | ဝဏ္ဏာနိုင် |
| (၁၂) | ကြည်း | ၄၂၆၄၀ | ဗိုလ်ကြီး | အောင်ထွန်း |
| (၁၃) | ကြည်း | ၅၂၇၀၂ | ဗိုလ်ကြီး | မိုးမင်းသူ |
| (၁၄) | ကြည်း | ၅၃၇၈၉ | ဗိုလ်ကြီး | နေဇော်စိုး |
| (၁၅) | ကြည်း | ၆၇၄၉၀ | ဗိုလ်ကြီး | ဒေါ်ငြိမ်းဆုရည် |
| (၁၆) | ကြည်း | ၆၇၅၀၆ | ဗိုလ်ကြီး | ဒေါ်အိထက်ပိုင် |
| (၁၇) | ကြည်း | ၇၀၂၀၂ | ဗိုလ်ကြီး | ဒေါ်အိမွန်လှိုင် |
| (၁၈) | ကြည်း | ၇၁၅၅၆ | ဗိုလ်ကြီး | ဒေါ်စိမ်းလဲ့ချို |
| | **မွန်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ရေ | ၃၄၇၅ | ဗိုလ်မှူးချုပ် | အောင်ဝင်းသန်း |
| (၂) | ကြည်း | ၂၆၈၂၉ | ဗိုလ်မှူးကြီး | ကျော်စွာမြင့် |
| (၃) | ကြည်း | ၂၄၉၂၃ | ဗိုလ်မှူးကြီး | မောင်မောင်လတ် |
| (၄) | ကြည်း | ၄၄၁၃၈ | ဗိုလ်မှူး | ညီဗိုလ်ဗိုလ်စိုး |
| (၅) | အင်န် | ၇၄၉ | ဗိုလ်မှူး | ဒေါ်ငုဝါကြည် |
| (၆) | အင်န် | ၇၈၅ | ဗိုလ်မှူး | ဒေါ်သက်သက်စိုး |
| (၇) | အင်န် | ၉၂၅ | ဗိုလ်ကြီး | ဒေါ်မြင့်မြင့်နွယ် |
| (၈) | အင်န် | ၉၅၅ | ဗိုလ်ကြီး | ဒေါ်သူဇာ |
| | **ရခိုင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း | ၂၅၇၇၅ | ဗိုလ်မှူးကြီး | ကျော်သူရ |
| (၂) | ကြည်း | ၂၆၈၇၅ | ဗိုလ်မှူးကြီး | ထွန်းထွန်းဝင်း |
| (၃) | ကြည်း | ၃၄၇၃၈ | ဗိုလ်မှူး | ကျော်ဇေယျ |
| (၄) | ကြည်း | ၅၅၀၄၇ | ဗိုလ်ကြီး | လွှမ်းမိုးနိုင် |
| (၅) | ကြည်း | ၅၉၅၃၁ | ဗိုလ်ကြီး | စစ်မင်းနိုင် |
| (၆) | ကြည်း | ၇၄၁၆၉ | ဗိုလ်ကြီး | လွင်အောင်မြတ် |
| (၇) | ရေ | ၅၃၈၇ | ဗိုလ်ကြီး | သက်ကိုကိုဦး |
| | **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း | ၂၁၈၉၇ | ဗိုလ်မှူးကြီး | ဝင်းတင့် |
| (၂) | ကြည်း | ၂၆၂၄၂ | ဗိုလ်မှူးကြီး | ဇော်မျိုးထွဋ် |
| (၃) | ကြည်း | ၃၃၆၃၈ | ဒုတိယဗိုလ်မှူးကြီး | တင်မျိုးလတ် |
| (၄) | ရေ | ၄၂၀၅ | ဒုတိယဗိုလ်မှူးကြီး | သက်တင်အောင် |
| (၅) | လေ | ၂၄၂၅ | ဒုတိယဗိုလ်မှူးကြီး | ဝေမိုးအောင် |
| (၆) | အင်န် | ၅၃၇ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်အေးအေးမာ |

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၇) | ကြည်း ၂၈၄၇၀ | ဗိုလ်မှူး | သက်နိုင်ဦး |
| (၈) | ကြည်း ၃၀၆၆၈ | ဗိုလ်မှူး | လှထွန်း |
| (၉) | ကြည်း ၃၃၅၂၀ | ဗိုလ်မှူး | ကျော်မိုးသွင် |
| (၁၀) | ကြည်း ၃၇၆၆၇ | ဗိုလ်မှူး | နိုင်ထွန်းအောင် |
| (၁၁) | ကြည်း ၃၈၅၃၃ | ဗိုလ်မှူး | အောင်ဖြိုးဟန် |
| (၁၂) | ကြည်း ၄၀၉၅၄ | ဗိုလ်မှူး | ပြည့်ဝင်းအောင် |
| (၁၃) | ကြည်း ၄၀၉၈၂ | ဗိုလ်မှူး | စိုးလင်းနောင် |
| (၁၄) | ကြည်း ၄၃၁၁၄ | ဗိုလ်မှူး | ကျော်ကျော် |
| (၁၅) | ကြည်း ၄၃၆၆၈ | ဗိုလ်မှူး | ဆန်းမောင်မောင်မြင့် |
| (၁၆) | ကြည်း ၄၇၄၃၈ | ဗိုလ်မှူး | သိုက်ထွန်းဇော် |
| (၁၇) | ရေ ၄၂၄၄ | ဗိုလ်မှူး | ဖြိုးသူရကျော် |
| (၁၈) | ရေ ၄၃၈၄ | ဗိုလ်မှူး | ကျော်ကျော်မင်း |
| (၁၉) | လေ ၂၆၁၂ | ဗိုလ်မှူး | ဝင်းနိုင် |
| (၂၀) | လေ ၃၀၈၂ | ဗိုလ်မှူး | ဆွေမြင့်ဦး |
| (၂၁) | ကြည်း ၂၈၅၇၆ | ဗိုလ်ကြီး | ထွန်းမြင့်လတ် |
| (၂၂) | ကြည်း ၅၁၂၇၆ | ဗိုလ်ကြီး | ဝဏ္ဏစိန်မြင့် |
| (၂၃) | ကြည်း ၅၄၇၇၄ | ဗိုလ်ကြီး | ဟန်ဇော်လင်း |
| (၂၄) | ကြည်း ၅၈၁၂၂ | ဗိုလ်ကြီး | ခင်မောင်ချို |
| (၂၅) | ကြည်း ၆၂၀၆၈ | ဗိုလ်ကြီး | ပြည့်အောင်စိုး |
| (၂၆) | ကြည်း ၆၂၅၁၈ | ဗိုလ်ကြီး | စိုးထက်အောင် |
| (၂၇) | ကြည်း ၇၀၂၀၀ | ဗိုလ်ကြီး | ဒေါ်ဝင်းရွှေစင်ထွန်း |
| (၂၈) | ကြည်း ၇၁၅၅၉ | ဗိုလ်ကြီး | ဒေါ်ခင်စန္ဒာကျော် |
| (၂၉) | ကြည်း ၇၁၅၆၂ | ဗိုလ်ကြီး | ဒေါ်သဲနုစံ |
| (၃၀) | အင်န် ၈၅၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူထွန်း |
| (၃၁) | အင်န် ၉၃၅ | ဗိုလ်ကြီး | ဒေါ်ခင်ရတနာလှိုင် |
| | **ရှမ်းပြည်နယ်လွှတ်တော်** | | |
| (၁) | ကြည်း ၂၄၉၇၀ | ဗိုလ်မှူးကြီး | စိန်ဝင်း |
| (၂) | ကြည်း ၂၅၇၅၅ | ဗိုလ်မှူးကြီး | အောင်မျိုးသန်း |
| (၃) | ကြည်း ၂၇၄၀၂ | ဒုတိယဗိုလ်မှူးကြီး | မြင့်မောင် |
| (၄) | ကြည်း ၃၀၅၄၅ | ဒုတိယဗိုလ်မှူးကြီး | ညီညီတင် |
| (၅) | ကြည်း ၃၂၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းကျော်ကျော် |
| (၆) | လေ ၂၇၇၁ | ဒုတိယဗိုလ်မှူးကြီး | အောင်စိုး |
| (၇) | ကြည်း ၂၉၁၃၂ | ဗိုလ်မှူး | ကျော်သူဝင်း |
| (၈) | ကြည်း ၂၄၀၅၀ | ဗိုလ်မှူး | လှမိုးသိန်း |
| (၉) | ကြည်း ၂၅၂၉၇ | ဗိုလ်မှူး | ကျော်စိုးလင်း |
| (၁၀) | ကြည်း ၂၈၇၈၃ | ဗိုလ်မှူး | မင်းခေါင် |
| (၁၁) | ကြည်း ၃၂၅၇၇ | ဗိုလ်မှူး | ဇော်ဝင်းဦး |
| (၁၂) | ကြည်း ၃၃၄၀၄ | ဗိုလ်မှူး | အောင်သူရ |
| (၁၃) | ကြည်း ၃၆၄၃၀ | ဗိုလ်မှူး | ဖြိုးသီဟကျော် |
| (၁၄) | ကြည်း ၃၈၈၁၃ | ဗိုလ်မှူး | အောင်ကိုကို |
| (၁၅) | ကြည်း ၄၀၄၂၉ | ဗိုလ်မှူး | ဖြိုးထက်ဦး |
| (၁၆) | ကြည်း ၄၂၃၈၁ | ဗိုလ်မှူး | ဇော်မျိုးဝေ |
| (၁၇) | ကြည်း ၄၅၄၁၇ | ဗိုလ်မှူး | အောင်အောင်မျိုး |
| (၁၈) | ကြည်း ၄၇၁၄၇ | ဗိုလ်မှူး | စိုင်းလောင်မုန်း |
| (၁၉) | ကြည်း ၄၇၆၁၄ | ဗိုလ်မှူး | ဉာဏ်လင်းအောင် |
| (၂၀) | အင်န် ၈၁၄ | ဗိုလ်မှူး | ဒေါ်ခင်သန္တာအုန်းသိန်း |
| (၂၁) | အင်န် ၈၄၀ | ဗိုလ်မှူး | ဒေါ်ဝေနှင်းအောင် |
| (၂၂) | ကြည်း ၃၃၇၃၁ | ဗိုလ်ကြီး | တေဇာအောင် |
| (၂၃) | ကြည်း ၃၅၀၇၅ | ဗိုလ်ကြီး | ကျော်ဝင်းလှိုင် |
| (၂၄) | ကြည်း ၄၂၇၁၅ | ဗိုလ်ကြီး | စိုးမင်းဌေး |
| (၂၅) | ကြည်း ၄၉၀၉၈ | ဗိုလ်ကြီး | သော်ဇင်ဝင်း |
| (၂၆) | ကြည်း ၄၉၅၀၈ | ဗိုလ်ကြီး | ညီညီထွန်း |
| (၂၇) | ကြည်း ၅၂၀၁၉ | ဗိုလ်ကြီး | မျိုးမင်းစိုး |
| (၂၈) | ကြည်း ၅၂၅၄၁ | ဗိုလ်ကြီး | ဇေယျာလင်း |
| (၂၉) | ကြည်း ၅၉၂၆၆ | ဗိုလ်ကြီး | ဇင်မင်းထွန်း |
| (၃၀) | ကြည်း ၆၅၅၈၂ | ဗိုလ်ကြီး | ဒေါ်နန်းဟေမာဝေညို |
| (၃၁) | ကြည်း ၆၇၁၇၆ | ဗိုလ်ကြီး | ဒေါ်ပြုံးသိင်္ဂီ |
| (၃၂) | ကြည်း ၇၂၉၅၁ | ဗိုလ်ကြီး | ဒေါ်ဖြိုးသဇင်ကျော် |
| (၃၃) | ကြည်း ၇၄၂၉၈ | ဗိုလ်ကြီး | ဒေါ်မေစစ်သူ |
| | **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်** | | |
| (၁) | ကြည်း ၃၀၁၀၇ | ဗိုလ်မှူးကြီး | ခန့်မွန်ဆွေ |
| (၂) | ကြည်း ၃၁၈၈၃ | ဗိုလ်မှူးကြီး | သန်းထွန်းအောင် |
| (၃) | ကြည်း ၃၄၇၁၇ | ဗိုလ်မှူး | နေဝင်းနောင် |
| (၄) | ကြည်း ၃၉၆၇၃ | ဗိုလ်မှူး | အောင်ဇော်ထိုက် |
| (၅) | ကြည်း ၄၇၅၂၁ | ဗိုလ်မှူး | ဇေယျာလင်း |
| (၆) | ကြည်း ၄၇၇၆၉ | ဗိုလ်မှူး | သက်ပိုင်ထွဏ်း |
| (၇) | ကြည်း ၄၈၈၄၂ | ဗိုလ်မှူး | ဖြိုးဝေငြိမ်း |
| (၈) | ရေ ၄၂၆၈ | ဗိုလ်မှူး | ကျော်တေဇ |
| (၉) | ကြည်း ၄၈၃၆၁ | ဗိုလ်ကြီး | ဇော်ဝမ်း |
| (၁၀) | ကြည်း ၅၃၇၅၈ | ဗိုလ်ကြီး | ထွန်းခိုင်လင်း |
| (၁၁) | ကြည်း ၆၅၅၀၇ | ဗိုလ်ကြီး | ထွန်းလင်းနောင် |
| (၁၂) | ကြည်း ၆၆၀၈၄ | ဗိုလ်ကြီး | အောင်သူစိုး |
| (၁၃) | ကြည်း ၇၁၀၅၄ | ဗိုလ်ကြီး | ဝေယံမင်းခန့် |
| (၁၄) | ရေ ၅၂၅၄ | ဗိုလ်ကြီး | ဖြိုးဝေအောင် |
| (၁၅) | လေ ၄၂၃၂ | ဗိုလ်ကြီး | သန်းထိုက်ဇော် |
| (၁၆) | လေ ၄၃၄၃ | ဗိုလ်ကြီး | ဒေါ်ဟန်နီအောင်မိုး |
| (၁၇) | အင်န် ၈၇၈ | ဗိုလ်ကြီး | ဒေါ်မေသူသူဝင်း |
| (၁၈) | အင်န် ၉၆၁ | ဗိုလ်ကြီး | ဒေါ်ကြေးမုံဝင်း |

သန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

**နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးဇေယျာလင်း | ကောင်စီအဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးတိုးဝင်း | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီး ဇော်မင်းဦး | တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ဦးမင်းမင်းအောင် | ညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (စ) | ဦးအောင်ခိုင်ဆွေ | ညွှန်ကြားရေးမှူး<br>နေပြည်တော်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးထွန်းမြင့်အောင် | ညွှန်ကြားရေးမှူး<br>နေပြည်တော်သာသနာရေးမှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးဇော်ဝင်းနိုင် | ဒုတိယအထွေထွေမန်နေဂျာ<br>နေပြည်တော်မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (ဈ) | ဦးဇော်တောင် | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်<br>ဒါရိုက်တာ၊ New Ayeyar Co.,Ltd | အဖွဲ့ဝင် |
| (ည) | ဦးဝင်းဦးတန် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အထွေထွေမန်နေဂျာ၊ Aureum Palace Hotel | အဖွဲ့ဝင် |
| (ဋ) | ဦးဝင်းမြတ်ထွန်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>မန်နေးဂျင်းဒါရိုက်တာ၊ Dream 1000 Co.,Ltd | အဖွဲ့ဝင် |
| (ဌ) | ဦးဇေယျာထွန်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အထွေထွေမန်နေဂျာ၊ Royal Lotus Hotel | အဖွဲ့ဝင် |
| (ဍ) | ဦးဇော်လွင်ထက် | တာဝန်ခံ၊ နေပြည်တော်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

Jeng Phang နော်တောင်

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ**
**တိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ**

**အမိန့်အမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

**အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနဖွဲ့စည်းခြင်း**

၁။ အွန်လိုင်းမှငွေကြေးလိမ်လည်မှုများကို အချိန်နှင့်တစ်ပြေးညီ တားဆီးရန်၊ ဆုံးရှုံးသွားသောငွေများကို ပြန်လည်ရယူရန်နှင့် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် **အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန (Anti-Scam Centre)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | တပ်ဖွဲ့မှူး<br>မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ညွှန်ကြားရေးမှူး<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူး<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| ( ဇ ) | ဌာနမှူး<br>ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ညွှန်ကြားရေးမှူး<br>မှုခင်းဌာန၊ မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယတပ်ဖွဲ့မှူး<br>ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဌာနမှူး<br>နည်းပညာဌာန၊ မှုခင်းရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

၂။ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နစ်နာသူက ဖုန်းဆက်၍သတင်းပို့နိုင်ရန် ၂၄ နာရီ Hotline သတ်မှတ်ပေးခြင်း၊

( ခ ) နစ်နာသူများထံမှ သတင်းပို့တိုင်ကြားချက်များကို စိစစ်အတည်ပြုခြင်း၊

( ဂ ) လိမ်လည်သူ၏ အကောင့်နံပါတ်၊ ဘဏ်အမည်၊ လွှဲလိုက်သည့်ပမာဏနှင့်အချိန် စသည့် အချက်အလက်တို့ကို စာရင်းသွင်းခြင်း၊

(ဃ) ရရှိလာသောအချက်အလက်များကိုဘဏ်စနစ်အတွင်းအမြန်ဆုံးစစ်ဆေးခြင်း၊အကယ်၍လိမ်လည်မှုဖြစ်ကြောင်းထင်ရှားပါက Emergency Case အဖြစ် သတ်မှတ်ခြင်း၊

( င ) လိမ်လည်သူ၏အကောင့်ကို ၁၅ မိနစ်အတွင်း ယာယီပိတ်ပင် (Debit Freeze) ခြင်း၊

( စ ) သံသယဖြစ်ဖွယ်အကောင့်များ (Mule Accounts) ကို သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ အချိန်တိုအတွင်း ယာယီပိတ်ပင်ခြင်း၊

(ဆ) နစ်နာသူ၏အကောင့်အတွင်း ကျန်ရှိနေသောငွေများကို ဆက်လက်မဆုံးရှုံးစေရန် နစ်နာသူ၏ Digital Banking ကိုပါ ယာယီပိတ်ပေးခြင်း၊

( ဇ ) ငွေများမည်သည့်အကောင့်များသို့ ဆက်လက်စီးဆင်းသွားသည်ကို လိုက်လံခြေရာခံခြင်း၊

( ဈ ) အခြေခံအချက်အလက်များကို နီးစပ်ရာရဲစခန်းသို့ပေးပို့၍ တရားဝင်အမှုဖွင့်ရန် ချိတ်ဆက်ပေးခြင်း၊

(ည) ပိတ်ပင်ထားသောအကောင့်များမှငွေများကိုတရားဝင်နည်းလမ်းဖြင့် နစ်နာသူထံပြန်လည်လွှဲပြောင်းပေးရန် ဘဏ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဋ ) လိမ်လည်သည့်ဖုန်းနံပါတ်များ၊ Website link များနှင့် ငွေလွှဲပြောင်းမှုပုံစံများကို နည်းပညာဖြင့် စောင့်ကြည့်ဖော်ထုတ်ခြင်း၊

( ဌ ) နောက်ဆုံးပေါ် လိမ်လည်မှုပုံစံများကို ပြည်သူများသိရှိစေရန် သတိပေးချက်များထုတ်ပြန်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဍ ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီသို့ တင်ပြခြင်းနှင့် ဗဟိုကော်မတီကပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ဥက္ကဋ္ဌ
အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ

## အမိန့်အမှတ် (၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

## ခန်းမတွင်းနေရာချထားရေးလုပ်ငန်းကော်မတီဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ပါဝင်မှုနှင့် စွမ်းဆောင်ရည်များမြှင့်တင်နိုင်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီကို အထောက်အကူပြုနိုင်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၅ ဖြင့် ဖွဲ့စည်းထားသည့် ခန်းမတွင်းနေရာချထားရေးလုပ်ငန်းကော်မတီတွင် တွဲဖက်အတွင်းရေးမှူးအဖြစ် ဒေါက်တာ ခင်သီတာ၊ ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အဖွဲ့ဝင်အဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အား ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ဥက္ကဋ္ဌ
လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ၏**

**အတွင်းရေးမှူးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၉၉/၂၀၂၅ ဖြင့် အမျိုးသားကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များပါ အပိုဒ် ၂ (ခ) အရ အတွင်းရေးမှူးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ဋ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေး စီမံကိန်းအတွက် အလုပ်သမားဝန်ကြီးဌာနက ဦးဆောင်ဝန်ကြီးဌာနအဖြစ် တာဝန်ယူပြီး အတွင်းရေးမှူးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၃။ အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲခြင်း၊

( ခ ) အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သလို အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပနိုင်ရေး ဆောင်ရွက်ခြင်း၊

( ဂ ) လုပ်ငန်းကော်မတီများ၏ လုပ်ဆောင်ချက်များအပေါ် ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်နိုင်ရေး အမျိုးသားကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရန် ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေ ခန့်မှန်းတွက်ချက်ရာတွင်လည်းကောင်း၊ နှစ်အလိုက် ဘဏ္ဍာငွေလိုအပ်မှုအစီအစဉ်များ၊ ကာလတိုစီမံကိန်းအတွက် ဘဏ္ဍာရေးအစီအစဉ်များ၊ နှစ်အလိုက် ငွေစာရင်းရှင်းတမ်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

( င ) မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါလုပ်ငန်းများ ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊

( စ ) ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များမှ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်မှုအခြေအနေကို လေ့လာလျက် တိုးတက်မှုအခြေအနေကို အမျိုးသားကော်မတီသို့ တင်ပြခြင်း၊

(ဆ) လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်းမှရရှိသော အဓိကရလဒ်များနှင့် အကောင်အထည်ဖော်မှုမှ တွေ့ကြုံရသောအခက်အခဲများအပါအဝင် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို အမျိုးသားကော်မတီ ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခြင်း၊

( ဇ ) မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်အမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

**ရေယာဉ်ပျက်ဆယ်တင်ခြင်းဆိုင်ရာအမိန့်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄–ခ၊ ပုဒ်မခွဲ (ခ) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရေယာဉ်ပျက်ဆယ်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များအား ယင်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်အလို့ငှာ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

## ရေယာဉ်ပျက်တွေ့ရှိမှုအပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၇၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ရေယာဉ်ပျက်နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်-

(က) မည်သူမဆို မြန်မာ့ကမ်းရိုးတန်းနှင့် မြန်မာ့ရေပြင်အတွင်း ရေယာဉ်ပျက်တစ်ခုခုအား တွေ့ရှိပါက သို့မဟုတ် ရရှိထားပါက ယင်းရေယာဉ်ပျက်၏ ထင်ရှားသော အမှတ်အသားဖော်ပြ၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူ (Receivers of Wreck) ထံ သတင်းပို့ရမည်။

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အပိုဒ်ခွဲ (က) အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ ရေယာဉ်ပျက်သတင်းကို သိရှိလျှင်ဖြစ်စေ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ သတင်းပေးပို့တင်ပြရမည်။ အကယ်၍ ရေယာဉ်ပျက်သတင်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုရှိသော နယ်မြေဖြစ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ရေယာဉ်ပျက် လက်ခံထိန်းသိမ်းသူပါဝင်သော ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ပေးအပ်သည့် စစ်ဆေးရေးအဖွဲ့သည် ရေယာဉ်ပျက်အဖြစ် သတ်မှတ်အတည်ပြုနိုင်ရန် ရေယာဉ်ပျက်တည်နေရာသို့ ဖြစ်နိုင်သမျှ အမြန်ဆုံးသွားရောက်၍ ကွင်းဆင်းစစ်ဆေးရမည်။

(ဃ) စစ်ဆေးရေးအဖွဲ့သည် ကနဦးအကဲဖြတ်စစ်ဆေးချက်များနှင့် အကြံပြုချက်များကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပြန်လည်တင်ပြရမည်။

(င) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ခန့်အပ်သော ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူသည် ရေယာဉ်ပျက်အား ရေကြောင်းသွားလာမှု အန္တရာယ်ဖြစ်နိုင်ခြေနှင့် ရေထုပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြေ ရှိ မရှိ သတ်မှတ်ဆုံးဖြတ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) ရေယာဉ်ပျက်၏ အမျိုးအစား၊ အရွယ်အစားနှင့် တည်ဆောက်ပုံ၊

(၂) ရေယာဉ်ပျက်ရှိရာ ရေအနက်၊

(၃) ဒီရေအတက်အကျနှင့် ရေစီးကြောင်း၊

(၄) သဘာဝကျောက်တန်းများနှင့် နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းရန် သတ်မှတ်ထုတ်ပြန်ထားသည့် နေရာများနှင့် နီးကပ်မှု၊

(၅) အထူးကန့်သတ်တားမြစ်ထားသည့် နေရာများ၊

(၆) ရေယာဉ်လမ်းကြောင်းများနှင့် နီးကပ်မှု၊

(၇) ရေယာဉ်သွားလာမှုများပြားခြင်း၊

(၈) ရေယာဉ်လမ်းကြောင်းအမျိုးအစား၊

(၉) ရေထုပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော ရေယာဉ်ပျက်တွင်ပါရှိသည့် ကုန်စည်၊ လောင်စာနှင့် ချောဆီအမျိုးအစားနှင့် ပမာဏ၊

(၁၀) ဆိပ်ကမ်းများအပေါ် ထိခိုက်နိုင်ခြေ၊

(၁၁) မိုးလေဝသနှင့် ဇလဗေဒအခြေအနေများ၊

(၁၂) ရေအောက်မြေမျက်နှာသွင်ပြင်၊

(၁၃) ရေပေါ် သို့မဟုတ် ရေအောက်ရှိ ရေယာဉ်ပျက်၏ အမြင့်၊

(၁၄) ရေယာဉ်ပျက်၏ ရေဒီယိုသတ္တိကြွမှု ဖြစ်နိုင်ခြေများ၊

(၁၅) ကမ်းလွန်တူးဖော်ရေးစင်များနှင့် ရေအောက်ပိုက်လိုင်းများ၊ ဆက်သွယ်ရေးကေဘယ်လ်ကြိုးများစသည့် အလားတူအဆောက်အအုံများနှင့် နီးကပ်မှု၊

(၁၆) ခရီးသွားလုပ်ငန်းများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနယ်မြေများနှင့် နီးကပ်မှု၊

(၁၇) ရေယာဉ်ပျက်အား ဆယ်တင်ရန်လိုအပ်သည့် အခြားအကြောင်းခြင်းရာများ။

## တည်နေရာနှင့် အမှတ်အသားပြုခြင်း

၂။ ရေယာဉ်ပျက်သည် ရေကြောင်းသွားလာမှုအန္တရာယ်ဖြစ်နိုင်ခြေ (Navigational Hazards) ရှိသည်ဟု သတ်မှတ်ဆုံးဖြတ်ပါက ရေယာဉ်ပျက်၏ တည်နေရာနှင့် အမှတ်အသားပြုခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရေယာဉ်ပျက်ပိုင်ရှင်သည် ယင်းရေယာဉ်ပျက်တည်နေရာကို သိသာထင်ရှားစွာ သိရှိနိုင်သည့် စနစ်နှင့် တကွ ဖော်ယာနှင့် အချက်ပြမီးများပါဝင်သော အမှတ်အသားတို့ကို ချက်ချင်းပြုလုပ်ရမည်။

( ခ ) မီးပြတိုက်အရာရှိသည် ရေယာဉ်ပျက်ပိုင်ရှင်ကို စုံစမ်းသော်လည်း မသိရှိလျှင်ဖြစ်စေ၊ အရေးပေါ် ဆောင်ရွက်ရန် လိုအပ်လျှင်ဖြစ်စေ ရေယာဉ်ပျက်တည်နေရာကို သိသာထင်ရှားစွာ သိရှိနိုင်သည့်စနစ် နှင့်တကွ ဖော်ယာအချက်ပြမီးများပါဝင်သော အမှတ်အသားတို့ကို ချက်ချင်းပြုလုပ်ပြီး ယင်းရေယာဉ် ပျက်နှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အစီအစဉ် ဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

( ဂ ) ရေယာဉ်ပျက်အား ဆယ်တင်ပြီးသည်အထိ ရေယာဉ်ပျက်၏ အမှတ်အသားကို ထိန်းသိမ်းထားရှိစေရမည်။

(ဃ) ရေယာဉ်ပျက်၏ တည်နေရာနှင့် အမှတ်အသားပြုခြင်းအတွက် စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ် များကို အဆိုပါရေယာဉ်ပျက်ပိုင်ရှင်က ပြန်လည်ပေးအပ်ရမည်။

( င ) ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူက ရေယာဉ်ပျက်ပိုင်ရှင်ကို စုံစမ်းမသိရှိရသည့်ကိစ္စမျိုးတွင် ရေယာဉ် ပျက်၏ တည်နေရာအမှတ်အသားပြုလုပ်ခြင်းအတွက် စိုက်ထုတ်သုံးစွဲခဲ့သည့် ကုန်ကျစရိတ်အား ရေယာဉ်ပျက်လေလံတင်ထုခွဲရောင်းချရငွေမှ တောင်းခံနုတ်ယူနိုင်သည်။

## ရေယာဉ်ပျက်ဆယ်တင်ခြင်း အစီအမံများ

၃။ ရေယာဉ်ပျက်ဆယ်တင်ခြင်း အစီအမံများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်-

(က) ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူသည် ရေယာဉ်ပျက်အား ရေကြောင်းသွားလာမှုအန္တရာယ်ဖြစ်နိုင်ခြေ သို့မဟုတ် ရေထုပတ်ဝန်းကျင် ထိခိုက်နိုင်ခြေရှိသည်ဟု သတ်မှတ်ဆုံးဖြတ်ခဲ့လျှင် ယင်းအခြေအနေနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

( ခ ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အပိုဒ်ခွဲ (က) အရ ပေးပို့သည့် သတင်းအချက် အလက်များကို လက်ခံရရှိလျှင် ရေယာဉ်ပျက်ပိုင်ရှင်က အပိုဒ် ၆ ပါအတိုင်း ဆောင်ရွက်ရေးအတွက် ကြီးကြပ်ရန် ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူကို ညွှန်ကြားနိုင်သည်။

( ဂ ) ရေယာဉ်ပျက်တစ်စီးအား ရေကြောင်းသွားလာမှုအန္တရာယ်ဖြစ်နိုင်ခြေရှိသည်ဟု သတ်မှတ်ခြင်းခံရ လျှင်သော်လည်းကောင်း၊ ရေထုပတ်ဝန်းကျင် ထိခိုက်နိုင်ခြေရှိသည်ဟု သတ်မှတ်ခြင်းခံရလျှင်သော် လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းကဆယ်တင်ရန်ဆုံးဖြတ်လျှင်သော်လည်းကောင်းရေယာဉ်ပျက်ပိုင်ရှင်သည်အဆိုပါရေယာဉ် ပျက်ကို ဆယ်တင်ပေးရမည်ဖြစ်ပြီး ရေယာဉ်ပျက်အား ရေကြောင်းသွားလာမှုအန္တရာယ်ဖြစ်နိုင်ခြေ သို့မဟုတ် ရေထုပတ်ဝန်းကျင် ထိခိုက်နိုင်ခြေ ရှိ မရှိ နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက် ခဲ့လျှင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

(ဃ) ရေယာဉ်ပျက်ပိုင်ရှင်သည် အပိုဒ်ခွဲ (ဂ) အရ ရေယာဉ်ပျက်တစ်စီးကို ဆယ်တင်ပေးရန် သတ်မှတ်ခြင်း ခံရလျှင် အာမခံထားရှိသော သက်သေခံအထောက်အထား သို့မဟုတ် ငွေကြေးဆိုင်ရာ အခြား အာမခံချက်များကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပေးအပ်ရမည်။ သို့ရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားရှိမှုများနှင့် ဆန့်ကျင်မှုမရှိစေရ။

( င ) ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူနှင့် ရေယာဉ်ပျက်ပိုင်ရှင်တို့သည် အန္တရာယ်ရှိသောအခြေအနေ၏ သဘောသဘာဝများနှင့် ရေယာဉ်ပျက်ဆယ်တင်မည့် အစီအမံများကို အချိန်ကာလသတ်မှတ်ချက်နှင့် အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(စ) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အပိုဒ်ခွဲ (င) ပါ တင်ပြလာသည့် ရေယာဉ်ပျက် ဆယ်တင်မည့် အစီအမံများကို စိစစ်၍ ကိစ္စတစ်ခုချင်းစီအတွက် အတည်ပြုခြင်း သို့မဟုတ် ပြန်လည် ပြင်ဆင်စေ၍ အတည်ပြုခြင်း သို့မဟုတ် အတည်ပြုရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဆ) ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူသည် ရေယာဉ်ပျက်အား ချက်ချင်းဆယ်တင်ရန်လိုအပ်ပါက ရေယာဉ်ပျက်ပိုင်ရှင်ထံသို့ အချိန်ကာလသတ်မှတ်ချက်ဖော်ပြ၍ စာဖြင့်အကြောင်းကြားပြီးနောက် ရေယာဉ်ပျက်ပိုင်ရှင်က ချက်ချင်းဆယ်တင်ခြင်းပြုလုပ်ရန် ပျက်ကွက်ပါက နိုင်ငံတော်စရိတ်ဖြင့် ဖြစ်စေ၊ ရေယာဉ်ပျက်ဆယ်တင်သည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကိုလွှဲအပ်၍ဖြစ်စေ ဆယ်တင်ခြင်း ပြုနိုင်ပြီး ရေယာဉ်ပျက်ဆယ်တင်ခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်အဝဝကို ရေယာဉ်ပျက် ပိုင်ရှင်က ပေးချေရမည့်အပြင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာရမည်။

(ဇ) ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက သတ်မှတ် ထားသော အချိန်ကာလအတွင်း ရေယာဉ်ပျက်ပိုင်ရှင်က ရေယာဉ်ပျက်ကို ဆယ်တင်ခြင်းမပြုလျှင် သို့မဟုတ် ဆယ်တင်နိုင်ခြင်းမရှိလျှင် အဆိုပါရေယာဉ်ပျက်ပိုင်ရှင်၏ ကုန်ကျစရိတ်ဖြင့် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားရေးတို့ကို ထည့်သွင်းစဉ်းစားပြီး တတ်နိုင် သမျှ မြန်ဆန်ထိရောက်သောနည်းလမ်းများဖြင့် ရေယာဉ်ပျက်ကို ဆယ်တင်ခြင်းပြုနိုင်သည့်အပြင် ရေယာဉ်ပျက်ကို လေလံတင်၍ ရောင်းချနိုင်သည်။

(ဈ) ရေယာဉ်ပျက်ပိုင်ရှင်သည် ရေယာဉ်ပျက်ကို ဆယ်တင်ခြင်းနှင့် ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ ကုန်ကျ စရိတ်များကို လေလံတင်ရောင်းချငွေမှ ထုတ်နုတ်ပေးချေရမည်ဖြစ်ပြီး အကယ်၍ အဆိုပါ ကုန်ကျ စရိတ်များက လေလံတင်ရောင်းချငွေဖြင့် ပေးချေရန် လုံလောက်မှုမရှိပါက ရေယာဉ်ပျက်ပိုင်ရှင်က လိုအပ်သော ငွေပမာဏအား ထပ်ဆောင်းပေးချေရမည်။

(ည) ရေယာဉ်ပျက်ပိုင်ရှင်သည် လေလံတင်ရောင်းချငွေမှ ကုန်ကျစရိတ်များကို ထုတ်နုတ်ပေးချေပြီးနောက် လက်ကျန်ငွေကို ပြန်လည်တောင်းခံနိုင်သည်။ အဆိုပါ လက်ကျန်ငွေကို ရေယာဉ်ပျက်ပိုင်ရှင်က လေလံတင်ရောင်းချပြီးသည့် နေ့ရက်မှစ၍ တစ်နှစ်အတွင်း လာရောက် တောင်းခံခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

**ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၄။ ရေယာဉ်ပျက်လက်ခံထိန်းသိမ်းသူသည် ရေယာဉ်ပျက်အား ဆယ်တင်ခြင်း သို့မဟုတ် ရောင်းချခြင်း ကိစ္စကို မဆောင်ရွက်မီ အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ထားရမည်-

(က) ရေယာဉ်ပျက်နှင့်စပ်လျဉ်း၍ ရေယာဉ်ပျက်ပိုင်ရှင်က ပေးရန်ရှိသော ကြွေးမြီများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရေယာဉ်ပျက်အား ဆယ်တင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရေယာဉ်ပျက်ပိုင်ရှင်နှင့် အလံတင်နိုင်ငံအစိုးရထံ တရားဝင်အကြောင်းကြားစာကို အနည်းဆုံးနှစ်ကြိမ် သတင်းပေးပို့ရမည်။

(ခ) ရေယာဉ်ပျက်ပိုင်ရှင် သို့မဟုတ် ရေယာဉ်ပျက်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲခွင့်ရှိသူ သို့မဟုတ် အကျိုး ခံစားခွင့်ရှိသူတို့၏ သတင်းအချက်အလက်များကို ရနိုင်သမျှ အသေးစိတ်သိရှိရန် အားထုတ် ဆောင်ရွက်ရမည်။

(ဂ) ရေယာဉ်ပျက်နှင့် ရေယာဉ်ပျက်တွင်ပါရှိသည့် ကုန်ပစ္စည်းတို့သည် ရေလမ်းကြောင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးနိုင်ခြေရှိပါက ဘေးအန္တရာယ်ကင်းရှင်းမည့်နေရာသို့ အရေးပေါ် ဆယ်တင်ရှင်းလင်းနိုင်ရန် စီမံဆောင်ရွက်ရမည်။

(ဃ) ရေယာဉ်ပျက်ပိုင်ရှင်ကို သိရှိပြီးဖြစ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ရေယာဉ်ပျက်၏ အလံတင်နိုင်ငံ ရေကြောင်းအာဏာပိုင်နှင့် ရေယာဉ်ပျက်ပိုင်ရှင်ထံသို့ အကြောင်း ကြားခြင်းနှင့် လိုအပ်ပါက အလံတင်နိုင်ငံ သို့မဟုတ် ကုန်ပစ္စည်းပိုင်ရှင်နိုင်ငံ၏ ကောင်စစ်ဝန် ထံသို့ အကြောင်းကြားခြင်း၊

(၂) ရေယာဉ်ပျက်၏ အလံတင်နိုင်ငံ ရေကြောင်းအာဏာပိုင်နှင့်လည်းကောင်း၊ လိုအပ်ပါက ရေယာဉ်ပျက်ကြောင့် ထိခိုက်နစ်နာသည့် အခြားနိုင်ငံများ၏ သက်ဆိုင်ရာရေကြောင်း အာဏာပိုင်များနှင့်လည်းကောင်း ထိုရေယာဉ်ပျက်နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊

(၃) ရေယာဉ်ပျက်ပိုင်ရှင်ထံသို့ ရေယာဉ်ပျက်အား ဆယ်တင်ရှင်းလင်းရန် အကြောင်းကြားစာ (Notice of Removal) ကို အချိန်ကာလ သတ်မှတ်ချက်ဖြင့် ထုတ်ပြန်ပေးပို့ခြင်း၊

(၄) ရေယာဉ်ပျက်ပိုင်ရှင်က တင်ပြလာသည့် ရေယာဉ်ပျက်အား ဆယ်တင်ရှင်းလင်းမည့် အစီအမံများကို အတည်ပြုပြီးပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်စေခြင်း၊

(၅) ရေယာဉ်ပျက်ဆယ်တင်သည့်လုပ်ငန်းအား စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ သတ်မှတ်ကာလ အတွင်း လုပ်ငန်းစဉ်တစ်ခုလုံး ပြီးစီးသည်အထိ စောင့်ကြည့်၍ လိုအပ်သလို ညွှန်ကြားခြင်းနှင့် စီမံကွပ်ကဲခြင်း။

( င ) ရေယာဉ်ပျက်ပိုင်ရှင်ကို သိရှိနိုင်ခြင်းမရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ရေယာဉ်ပျက်အား အများပြည်သူသိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာတွင် ကြေညာပြီး အချိန်ကာလ သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် ဘေးအန္တရာယ်ရှိသော အခြေအနေဖြစ်ပါက ထိုသို့ကြေညာပြီး ခြောက်လအတွင်း လေလံတင်ရောင်းချခြင်း၊

(၂) လေလံအောင်မြင်သူက တင်ပြလာသည့် ရေယာဉ်ပျက်ဆယ်တင်ရှင်းလင်းမည့် အစီအမံများကို အတည်ပြုပြီးပါက တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ စာချုပ်ချုပ်ဆို၍ ဆောင်ရွက်စေခြင်း၊

(၃) ရေယာဉ်ပျက်ဆယ်တင်သည့် လုပ်ငန်းအား စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သတ်မှတ် ကာလအတွင်း လုပ်ငန်းစဉ်တစ်ခုလုံး ပြီးစီးသည်အထိ စောင့်ကြည့်၍ လိုအပ်သလို ညွှန်ကြား ခြင်းနှင့် စီမံကွပ်ကဲခြင်း၊

(၄) ရေယာဉ်ပျက်ကို ဆယ်တင်ခြင်းနှင့် ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်များကို လေလံတင် ရောင်းချငွေမှ ထုတ်နုတ်၍ လက်ကျန်ငွေကို ရေယာဉ်ပျက်ပိုင်ရှင်က ပြန်လည် တောင်းခံလာပါက ပေးအပ်နိုင်ရန် ထိန်းသိမ်းထားရှိစေခြင်း၊

(၅) အပိုဒ်ခွဲငယ် (၄) ပါ လက်ကျန်ငွေကို ရေယာဉ်ပျက်ပိုင်ရှင်က လေလံတင်ရောင်းချပြီးသည့် နေ့ရက်မှစ၍ တစ်နှစ်အထိ ထိန်းသိမ်းထားပြီး လာရောက်တောင်းခံခြင်းမရှိလျှင် နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းယူခြင်း။

## ရေယာဉ်ပျက်ပိုင်ရှင်၏ တာဝန်ဝတ္တရားများ

၅။ ရေယာဉ်ပိုင်ရှင်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြန်မာ့ရေပြင်အတွင်း ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်၊ ရေကြောင်းမတော်တဆထိခိုက်မှုများအပါအဝင် မည်သည့်အကြောင်းကြောင့်မဆို မြန်မာ့ရေပြင်အတွင်း ရေယာဉ်နစ်မြုပ်ခြင်း၊ သောင်တင်ခြင်း၊ ရေယာဉ်မှ စွန့်ခွာသွားခြင်း၊ ရေမျောအရာ ဝတ္ထုများအစရှိသည့် ရေယာဉ်ပျက်ကြောင့် အခြားရေယာဉ်များအား ရေလမ်းကြောင်းပိတ်ဆို့ခြင်း၊ ရေထု နှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုထိခိုက်စေခြင်း စသည်တို့ မဖြစ်ပွားစေရန် အစွမ်းကုန်အားထုတ်ဆောင်ရွက်ရမည်။

၆။ ရေယာဉ်ပျက်ပိုင်ရှင်သည် ရေယာဉ်ပျက်အား အပြီးတိုင်ဆယ်တင်ရှင်းလင်းပြီးသည်ဟု ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကျေနပ်လက်ခံသည်အထိ တာဝန်ယူဆောင်ရွက်ရမည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၁၃၈၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ မာန်အောင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(OSS/ ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် (၁၀၁) ရှိ **မြေဧရိယာ ၁.၀၀ ဧက** အား **စက်သုံးဆီအရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၈၀,၀၀၀ိ/- နှုန်းဖြင့် ဦးကျော်ဝင်းဦး [၁၂/လမန(နိုင်)၀၀၀၅၄၀] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၁၃၈၈/၂၀၂၅)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ ကွင်းအမှတ်/အမည်(၆၀၈/ကျောက်တန်း)၊ ဦးပိုင်အမှတ်(၄၀)ရှိ **မြေဧရိယာ ၅.၀၄၀ ဧက** အား **သင်္ဘောဆေးသိုလှောင်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁,၇၅၃,၉၂၀ိ/- နှုန်းဖြင့် **UNITED PAINTS GROUP COMPANY LIMITED** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၁၃၈၉/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၄၂၆/ဆင်သေကန်)၊ ဦးပိုင်အမှတ် (၂၆၇) ရှိ မြေဧရိယာ ၀.၄၉ ဧက၊ ဦးပိုင်အမှတ် (၂၆၈) ရှိ မြေဧရိယာ ၀.၄၂ ဧက၊ ဦးပိုင်အမှတ် (၂၆၉) ရှိ မြေဧရိယာ ၀.၂၁ ဧက၊ ဦးပိုင်အမှတ် (၂၇၀) ရှိ မြေဧရိယာ ၀.၂၁ ဧက၊ ဦးပိုင်အမှတ် (၂၇၁) ရှိ မြေဧရိယာ ၀.၄၅ ဧက၊ ဦးပိုင်အမှတ် (၂၇၂) ရှိ မြေဧရိယာ ၀.၈၈ ဧက၊ ဦးပိုင်အမှတ် (၂၇၃) ရှိ မြေဧရိယာ ၀.၇၄ ဧက၊ ဦးပိုင်အမှတ် (၂၇၄) ရှိ မြေဧရိယာ ၀.၄၆ ဧက **စုစုပေါင်းမြေဧရိယာ ၃.၈၆ ဧက** အား **ချည်မျှင်နှင့်အထည်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ၁,၀၁၉,၀၄၀ိ/- နှုန်းဖြင့် **Leaders Of Textile Public Co., Ltd** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၁၃၉၀/၂၀၂၅)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၅/ကွမ်တိုးကွင်း)၊ ဦးပိုင်အမှတ် (N-၄၈) ရှိ **မြေဧရိယာ ၀.၁၁၀ ဧက** အား **စားသောက်ဆိုင်နှင့် တည်းခိုခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၇,၁၆၀ိ/- နှုန်းဖြင့် ဦးအုန်းမြင့် [၁၀/မလမ(နိုင်)၁၀၀၄၇၀]၊ ဒေါ်အေးအေးသင်း [၁၀/မလမ(နိုင်)၁၀၀၆၉၈] တို့သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ်(၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၁၃၉၁/၂၀၂၅)

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃၁၉/ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၅က) ရှိ **မြေဧရိယာ ၀.၇၅ ဧက** အား **နို့စားနွားမွေးမြူရေးခြံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၄၅၀,၀၀၀ိ/- နှုန်းဖြင့် ဦးတင်ထွန်းအောင် [၉/တကန(ပြု)၀၀၀၀၀၈] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၁ (ခ) အရ နှစ်(၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၁၃၉၂/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ဆပ်သေကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၁၉-က/တလုတ်ထော်ကွင်း)၊ ဦးပိုင်အမှတ် (၄၇) ရှိ **မြေဧရိယာ ၀.၉၂ ဧက** အား **ဆန်စက်**

မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၇၂၀,၃၅၀ိ/- နှုန်းဖြင့် ဦးတေဇာနိုင် [၁၄/ပတန(နိုင်)၁၆၄၅၆၉] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၃၉၃/၂၀၂၅)**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၁၄၂၆/ဆင်သေကန်)၊ ဦးပိုင်အမှတ် (၁၉၉/၃) ရှိ မြေဧရိယာ ဝ.၄၄ ဧက၊ ဦးပိုင်အမှတ် (၂၅၆) ရှိ မြေဧရိယာ ဝ.၄၀ ဧက၊ ဦးပိုင်အမှတ် (၂၅၇) ရှိ မြေဧရိယာ ဝ.၃၁ ဧက၊ ဦးပိုင်အမှတ် (၂၅၈) ရှိ မြေဧရိယာ ဝ.၇၀ ဧက၊ ဦးပိုင်အမှတ် (၂၆၃) ရှိ မြေဧရိယာ ဝ.၆၈ ဧက၊ ဦးပိုင်အမှတ် (၂၆၄/၁) ရှိ မြေဧရိယာ ဝ.၃၃ ဧက၊ ဦးပိုင်အမှတ် (၂၆၄/၂) ရှိ မြေဧရိယာ ဝ.၃၆ ဧက **စုစုပေါင်းမြေဧရိယာ ၃.၂၂ ဧက** အား **ချည်မျှင်နှင့် အထည်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၈၅၀,၈၀ိ/- နှုန်းဖြင့် **Leaders Of Textile Public Co.,Ltd** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၉၅/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှ ရုံးဦးစီး (ဦး/ရေး/ထောက်) ရဲ ၃၆၈၂ ဒုတိယရဲမှူးကြီး မောင်ဖုန်း အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀ဝ-၄,၀၀ဝ-၃၉၄,၀၀ဝ) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး မှုခင်းရဲတပ်ဖွဲ့၊ မှုခင်းကြီးကြပ်ရေးနှင့် မှုခင်းမှတ်တမ်းဌာနသို့ ဌာနမှူး အဖြစ် တပ်ဖွဲ့အတွင်းပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၀၃/၂၀၂၅)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၉) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀ဝ-၄,၀၀ဝ-၃၉၄,၀၀ဝ)ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်မိုးဦး (ပ/၄၀၂၃)<br>ပဲခူးတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| (၂) | ဦးမျိုးတင့်ဇော် (ပ/၄၀၀၂)<br>ရုံးချုပ် | မုံရွာခရိုင် |
| (၃) | ဦးချမ်းငြိမ်းအောင် (ပ/၄၀၀၇)<br>ကျောက်ဆည်ခရိုင် | မိုးမိတ်ခရိုင် |
| (၄) | ဦးကံထူး (ပ/၃၆၁၂)<br>ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဥတ္တရခရိုင် |
| (၅) | ဒေါ်အိအိခိုင် (ပ/၃၄၈၂)<br>စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးကျော်ဆွေ (ပ/၃၉၉၈)<br>ပြည်ခရိုင် | ကရင်ပြည်နယ် |
| (၇) | ဦးအောင်ထွန်းသိန်း (ပ/၄၇၇၆)<br>ရုံးချုပ် | မွန်ပြည်နယ် |
| (၈) | ဦးတင်မြင့် (ပ/၅၄၂၀)<br>မိုးညှင်းခရိုင် | ဘောလခဲခရိုင် |
| (၉) | ဦးမြင့်ခိုင် (ပ/၅၄၀၂)<br>ညောင်ဦးခရိုင် | ပဲခူးတိုင်းဒေသကြီး |

**အမိန့်ကြော်ငြာစာ (၁၄၀၄/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ လမိုင်းမြို့၊ မော့ကနင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၁၀၆၉/ လက်ဝဲကွင်း)၊ ဦးပိုင်အမှတ် (၃၅^က^၊ ၃၅^ခ^၊ ၃၅^ဃ^) တို့ရှိ **ကော့ဖယ်ဂရန်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၂.၄၅ ဧက** အနက်မှ **၀.၀၆ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ ဦးမောင်သန်း [၁၀/ရမန (နိုင်) ၀၄၈၈၅၇] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၄၀၅/၂၀၂၅)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဘုရားကြီး (၁) ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် (၅၄၂/ ဘုရားကြီးကွင်း)၊ ဦးပိုင်/မြေကွက်အမှတ် (၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၈၂/၁၊ ၇၇၅)၊ **မြေဧရိယာ ၁၄၅.၃၃ ဧက** အတွင်းရှိ မျိုးဘဲမွေးမြူရေးခြံဧရိယာ ၄၃.၃၆ ဧကအထဲမှ ဦးပိုင်အမှတ် (၂၁) ရှိ **မြေဧရိယာ ၁၅.၄၄ ဧက** အနက် **၁.၀၁ ဧက** အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၅၁)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာ ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးနိုင်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၀၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၄၂၉/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၄/ ကတိုင်ကကွင်း)၊ မြေကွက်အမှတ်(၄/ ၁၁) ရှိ မြေဧရိယာ ၀.၅၀ ဧကနှင့် မြေကွက်အမှတ် (၄/ ၁၁-က) ရှိ မြေဧရိယာ ၀.၄၉ ဧက **စုစုပေါင်းမြေဧရိယာ ၀.၉၉ ဧက** အား **ကရင်ပြည်နယ် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၄၃၀/၂၀၂၅)**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၄/ ကတိုင်ကကွင်း)၊ မြေကွက်အမှတ် (၄/၁၃) ရှိ **မြေဧရိယာ ၀.၅၀ ဧက** အား **ကရင်ပြည်နယ် လူမှုဖူလုံရေးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၃၁/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အကွက်အမှတ်/အမည်(၂၁/အောင်သုခ)၊ မြေကွက်အမှတ် ( $\frac{၁၄၁}{၄၄၂}$ ) ရှိ **မြေဧရိယာ ၀.၀၅၅ ဧက** အား **မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၇၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကော့သောင်း)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၃၂/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ဘိုကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၈၃၃- ဘိုကုန်း)၊ ဦးပိုင်အမှတ် (၁၉) ရှိ မြေဧရိယာ ၁.၅၃ ဧက၊ ဦးပိုင်အမှတ် (၂၀) ရှိ မြေဧရိယာ ၀.၇၄ ဧက၊ ဦးပိုင်အမှတ် (၂၁) ရှိ မြေဧရိယာ ၀.၇၁ ဧက၊ ဦးပိုင်အမှတ် (၂၂) ရှိ မြေဧရိယာ ၀.၉၇ ဧက၊ ဦးပိုင်အမှတ် (၂၃) ရှိ မြေဧရိယာ ၀.၁၄ ဧက၊ ဦးပိုင်အမှတ် (၂၇) ရှိ မြေဧရိယာ ၀.၃၁ ဧက၊ ဦးပိုင်အမှတ် (၂၈) ရှိ မြေဧရိယာ ၀.၃၀ ဧက နှင့် မြေကွက်အမှတ် (77) ရှိ မြေဧရိယာ ၀.၁၂ ဧက၊ မြေကွက်အမှတ် (78) ရှိ မြေဧရိယာ ၀.၁၀ ဧက၊ မြေကွက်အမှတ် (79) ရှိ မြေဧရိယာ ၂.၃၂ ဧက၊ မြေကွက်အမှတ် (87) ရှိ မြေဧရိယာ ၁.၈၄ ဧက၊ မြေကွက်အမှတ် (106) ရှိ မြေဧရိယာ ၀.၆၇ ဧက **စုစုပေါင်းမြေဧရိယာ ၉.၇၅ ဧက** အား **အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ သာစည်ရုံးခွဲ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၃၃/၂၀၂၅)

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ကိုးပင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၅၂A/ ကိုးပင်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၃၁၈/ က)၊ မြေကွက်အမှတ် ( $\frac{၃၃၀}{၃၃၅}$ ) ရှိ **မြေဧရိယာ ၀.၃၃၀ ဧက** အား **သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၃၄/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၁-W/ ဇီးကုန်းအနောက်ရပ်)၊ ဦးပိုင်အမှတ် (၄၂၂$^{ခ}$/၃) ရှိ **မြေဧရိယာ ၀.၇၇ ဧက** အား **လယ်ယာသုံးစက်ကိရိယာများထားရှိရန်နှင့် လယ်တဲအဆောက်အဦဆောက်လုပ်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၄၆၂,၀၀၀/- နှုန်းဖြင့် ဦးမောင်စံ [၇/ဇကန(နိုင်) ၀၁၀၁၄၂] သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ (က) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၄၃၅/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၄၄၉/ကျွဲစားကျက်ကွင်း)၊ ဦးပိုင်အမှတ် (၄၆/၁) ရှိ **မြေဧရိယာ ၂.၉၈ ဧက** အား **ဆန်စက်** မြေနေရာ

အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁,၀၇၂,၈၀၀ိ/- နှုန်းဖြင့် ဦးတင်အောင်လတ် [၁၄/ ဟသတ (ဧည့်) ၀၀၀၀၄၃] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၄၃၆/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ လယ်တီကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၃၉၀/ စစ်ပင်ကွင်း)၊ ဦးပိုင်အမှတ် (၉၈/၃) ရှိ **မြေဧရိယာ ၀.၂၈ ဧက** အား **ဂိုဒေါင်ဆောက်လုပ်** အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၆,၈၀၀ိ/- နှုန်းဖြင့် ဒေါ်တင်ဇာအိ [၁၄/ ဟသတ (နိုင်) ၃၀၆၉၀၀] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ ၃၇(က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၄၃၇/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ရွှေမိုးမြေကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၄၃၀/ ကြပ်တီးကန်)၊ ဦးပိုင်အမှတ် (၂၄/၇၇) ရှိ မြေဧရိယာ ၃.၆၃ ဧက၊ ဦးပိုင်အမှတ် (၂၄) ရှိ မြေဧရိယာ ၂.၄၃ ဧက၊ ဦးပိုင်အမှတ် (၂၂က/၈၂) ရှိ မြေဧရိယာ ၂.၈၀ ဧက၊ ဦးပိုင်အမှတ် (၂၂က/၈၄) ရှိ မြေဧရိယာ ၁.၉၅ ဧက၊ ဦးပိုင်အမှတ် (၂၂က/၂) ရှိ မြေဧရိယာ ၁.၉၈ ဧက၊ ဦးပိုင်အမှတ် (၂၂ခ/၂) ရှိ မြေဧရိယာ ၁.၀၁ ဧက၊ ဦးပိုင်အမှတ် (၂၂က/၁) ရှိ မြေဧရိယာ ၀.၆၇ ဧက **စုစုပေါင်းမြေဧရိယာ ၁၄.၄၇ ဧက** အား **ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂,၆၀၄,၆၀၀ိ/- နှုန်းဖြင့် ဦးလုဝေ [၁၂/လမန(နိုင်) ၀၂၈၈၀၃] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ ၅၈ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၄၃၈/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ချီပါကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၃၀၂၄/ ကံကောက်ကျီ)၊ ဦးပိုင်အမှတ် (၄/၂) ရှိ **မြေဧရိယာ ၀.၈၈ ဧက** အား **စက်သုံးဆီအရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၃၁၆,၈၀၀ိ/- နှုန်းဖြင့် ဒေါ်သန္တာအောင် [၉/မရတ (နိုင်) ၁၁၄၀၃၄] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၄၃၉/၂၀၂၅)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်/ အမည် (၃၂ᵃ/ သင်္ချိုင်း ကလေး)၊ ဦးပိုင်အမှတ် (၁၀/၁၀) ရှိ **မြေဧရိယာ ၀.၁၆၀ ဧက** အား **မုန့်ဖုတ်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၄၆,၀၈၀ိ/- နှုန်းဖြင့် ဦးဝေလင်းစိုး [၁၀/ မလမ (နိုင်) ၁၄၄၀၀၆]၊ ဒေါ်နွယ်နွယ်ထွန်း [၁၀/မလမ (ဧည့်) ၀၀၀၁၆၇] တို့သို့ အောက်မြန်မာနိုင်ငံ မြေနှင့် ကျေးရွာမြေများ နည်းဥပဒေ ၉(က) အရ နှစ်(၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၄၄၀/၂၀၂၅)

